# အလုပ်လုပ်သော စကားလုံးများ

ဗြိတိသျှ သင်္ဘော 'ဘောင်တီ' ပေါ် မှ ပုန်ကန်မှု ဖြစ်ရပ်မှန်အကြောင်းကို မကြာခဏဆိုသလို ပြန်ပြော လေ့ရှိကြပါတယ်။ အဲဒီလို ပြန်ပြောဖြစ်စေရတဲ့အကြောင်းတစ်ချက်ကတော့ စာအုပ်တစ်အုပ်ကြောင့်ဖြစ်ပေါ် ခဲ့ရတဲ့ ပြောင်းလဲမှုကြောင့်ဘဲဖြစ်ပါတယ်။ နယ်ခံတဟီရှန်အမျိုးသား(၆)ဦး အမျိုးသမီး(၁၂)ဦးတို့နဲ့အတူ ပုန်ကန်သူ (၉)ဦးတို့ဟာ ၁၇၉၀ခုနှစ်မှာ ပစ်ခိုင်ရ်န်ကျွန်းသို့ ဆိုက်ရောက်ခဲ့ကြပါတယ်။ မကြာခင်မှာဘဲ သ င်္ဘောသားတစ်ယောက်က အရက်ချက်ခြင်းကို စတင်လုပ်ဆောင်ခဲ့ပြီးတဲ့နောက် အဲဒီလူစုလေးဟာ အရက်မူး ရူးအပျော်ကခြင်းနဲ့ အကြမ်းဖက်ခြင်းအမှုတွေထဲမှာ နစ်မြုပ်သွားပါတော့တယ်။

ဆယ်နှစ်ကြာပြီးတဲ့နောက်မှာတော့ မျက်နှာဖြူတစ်ယောက်ဘဲ ဒေသခံမိန်းမတွေနဲ့ သွေးတစ်ဝက်နှော ကလေးတွေ ဝိုင်းရံပြီး အသက်ရှင်ကျန်နေပါတော့တယ်။ တစ်နေ့မှာ အဲဒီသင်္ဘောသားက 'ဘောင်တီ' သင်္ဘောပေါ်က သေတ္တာကြီးတစ်လုံးထဲက သမ္မာကျမ်းစာအုပ်တစ်အုပ်ကို တွေ့ရှိခဲ့ပါတယ်။ သူဟာ အဲဒီ ကျမ်းစာအုပ်ကို စတင်ဖတ်ပြီးတဲ့နောက် အခြားသူတွေကိုပါ သင်ကြားပေးပါတော့တယ်။ ရလဒ်ကတော့ သူ ကိုယ်တိုင်ရဲ့အသက်တာနဲ့ နောက်ဆုံးမှာ သူ့အုပ်စုလေးမှာရှိတဲ့ သူတွေရဲ့ အသက်တာတွေပါ အားလုံးပြောင်း လဲသွားခဲ့ပါတယ်။ ၁၈၀၈ခုနှစ် ရောက်တဲ့အခါမှာတော့ ပစ်ကိုင်ရ်န်ကျွန်းလေးဟာ အရက်သေစာ သောက် စားခြင်းမရှိ၊ ဒုစရိုက်မှုခင်းမရှိ၊ အကျဉ်းထောင်မရှိတဲ့ ကြီးပွားအောင်မြင်တဲ့ လူ့အဖွဲ့အစည်းတစ်ခုအဖြစ် ယူအက်အက်စ်တိုပတ်စ်က ရှာဖွေ တွေ့ရှိခဲ့ပါတယ်။

သူငယ်ချင်းတစ်စုဟာ တစ်ယောက်အကြောင်း တစ်ယောက်ပြောပြရင်း စကားဖောင်ဖွဲ့နေကြပါ တယ်။ သူတို့ထဲက တစ်ယောက်က ဒီလို ပြောလိုက်ပါတယ်။ "ငါ့ ဇာတ်လမ်းကတော့ သူများနဲ့မတူ တမူထူးခြား တယ်ကွ။ ငါက ခါးပိုက်နှိုက်တစ်ယောက်လေ။ တနေ့တော့ ဘောင်းဘီအိတ်ဖောင်းဖောင်းနဲ့ လူတစ်ယောက် ကို တွေ့ရတယ်။ ငွေစက္ကူအထပ်လိုက်လို့ ထင်လိုက်တာပေါ့။ ခဏဆို ငါ့အိတ်ထဲ ရောက်လာပြီဘဲ။ အိမ်ပြန် ရောက်လို့ ကြည့်လိုက်တော့ စာအုပ်လေးတစ်အုပ်ဖြစ်နေလို့ တော်တော် မကျေမနပ်ဖြစ်မိတယ်။ သိလိုဇောနဲ့ ဖွင့်ပြီး ဖတ်ကြည့်လိုက်တော့ သမ္မာကျမ်းစာအုပ်တစ်အုပ်ဖြစ်နေတယ်။ မကြာ-ခင်ဘဲ ဘုရားသခင်ရဲ့ ငါ့အပေါ် ထားတဲ့မေတ္တာကို တွေ့ရှိလာပြီး သခင်ယေရှုခရစ်တော်ကို ငါ့ရဲ့ ကယ်တင်ရှင်အဖြစ် လက်ခံခဲ့တယ်။ ဒီစာ အုပ်လေးက ငါ့ရဲ့ အသက်တာကို ပြောင်းလဲပေးခဲ့တယ်"။

သမ္မာကျမ်းစာတော်မှ. . .

ဘုရားရှင် မိန့်တော်မူသော နှုတ်ကပတ်တော်ကား "မိုဃ်းရေနှင့်မိုဃ်းပွင့်တို့သည် မိုးကောင်းကင်မှ ဆင်းသက်၍ နောက်တဖန်မပြန်၊ မြေသည် မျိုးစေ့ကြဲသောသူအား မျိုးစေ့ကိုလည်းကောင်း၊ အစာစားသော သူအား အစာကိုလည်းကောင်း ပေးမည်အကြောင်း မြေကို စိုစေသဖြင့် အပင်ပေါက် စေ၍ အသီးကို သီးစေသကဲ့သို့ ထို့အတူ ငါ၏ နှုတ်ကပတ်တော်စကားသည်ဖြစ်လိမ့်မည်။ အကျိုးမရှိဘဲ ငါ့ထံသို့ မပြန်ရ။ ငါ့အလိုကို ပြည့်စုံစေမည်။ ငါစေခိုင်းသောအမှု၌ အောင်လိမ့်မည်"။

ဘုရားရှင်၏ ဂတိတော်များ

နက်မှောင်ကောင်းကင်ပြာခံဝယ်၊ ကြယ်များ ထွန်းလင်းစေသည့်နှယ်\
ကြီးမြတ်ဘုရားရှင် မေတ္တာကြွယ်၊ ဂတိတော်ပြည့် ရောင်ရှိန်ခြယ်။\
ထောင်ပြူတင်းရဲ့ သံတိုင်ကြားထဲ၊ ဖြာကျလို့ လာပါသော်လည်း\
မျက်စိမစူး မမူးစေပဲ၊  နှူးညံ့ညင်သာအလင်းတန်းနဲ့\
ကောင်းချီးသွန်းလောင်း ပေးနေဆဲ။\
မိုးထက်ကောင်းကင် ဆန့်ကျင်တက်ဖို့၊ ဘုရားရှင်ချပေး အလင်းလှေခါးမို့\
ရွှေလှေခါးထစ်တွေပေါ် နင်းလို့၊ တစ်ထစ်ပြီးတစ်ထစ် လှမ်းချီစို့။

"ထိုသို့သောအားဖြင့်လည်း အလွန်ကြီးမြတ်၍ အဘိုးထိုက်သော ဂတိများကို ငါတို့၌ အပ်ပေးတော်မူပြီ။ အကြောင်းမူကား ထိုဂတိတော်များကို အမှီပြု၍ သင်တို့သည် လောကီတပ်မက်ခြင်းအညစ်အကြေးနှင့် ကင်းလွတ်သဖြင့် ဘုရားပကတိကို ဆက်ဆံရသောသူဖြစ်ကြမည်အကြောင်းတည်း"(၂ပေ ၁း၄)။

မည်သည့် အနုမြူဗုံးမျိုးမှ၊ မည်မျှ ထူးကဲသည့် ယမကာမျိုးမှ၊ မည်မျှ များပြားသည့် ကျည်ဆံမျိုးမှ ပြောင်းလဲစေခြင်းငှါ မစွမ်းသာသည့် နှလုံးသားမျှားနှင့်အသိတရားများကို ဘုရားသခင်၏ နှုတ်ကပတ်တော် က ပြောင်းလဲစေနိုင်စွမ်း ရှိပါသည်။

ဘုရားသခင်၏ နှုတ်ကပတ်တော်ထဲတွင် မေးခွန်းတိုင်းအတွက် အဖြေနှင့် သင့်အသက်တာ၌ ရင်ဆိုင် ရသမျှပြဿနာများအတွက် အဖြေများကို တွေ့ရှိနိုင်ပါသည်။

လူတော်တော်များများသည် ဘဝတစ်လျှောက်လုံးတွင် မလိုအပ်ပဲ ရှုန်းကန်လှုပ်ရှားတတ်ကြပါသည်။ တကယ်တော့ ဘုရားသခင်၏ နှုတ်ကပတ်တော်အတွက်အချိန်အနည်းငယ်မျှ ပိုပေးလိုက်မှသာ ၄င်းတို့ရှာဖွေနေကြသည့် ငြိမ်သက်ခြင်း၊ ယုံကြည်ခြင်းနှင့်ဝမ်းမြောက်ခြင်းတို့ကို ရရှိနိုင်ကြမည်ဖြစ်ပါသည်။